စိတ်ကူးချိုချိုအနုပညာ

mgyoe.com


အမှတ် ၃

# လောကနီတိ

## သူတော်ကောင်းနှင့်လူမိုက်တို့ဆိုင်ရာအခန်း


# ပုံပြင်ဆေးရောင်ခြယ်

ကာတွန်းဗိုသံ စီစဉ်သည်



CARTOON BOTHAN

mgyoe.com



လောက လူအပေါင်းတို့၏
အနှစ်သာရလည်း မည်၏။
မိဘလည်း မည်၏။
ဆရာလည်း မည်၏။
အဆွေခင်ပွန်းလည်း မည်၏။
ထို့ကြောင့် နီတိကျမ်းကို
သင်ကြားတတ်မြောက်သော
လူအပေါင်းသည်
အကြားအမြင်များသော၊
မြင့်မြတ်သော ဉာဏ်ကြီးရှင် ဖြစ်၏။
လောကနီတိ

သင့်ကလေးကို
ဆေးရောင်ခြယ်ဆော့ကစားရင်း
လောကနီတိများကို
မှတ်သားမိသွားစေပါမည်။



BOT0005
500.00 KS

mgyoe.com
mgyoe.com

mgyoe.com




ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းသာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၇၉၊ မဟိဒိန်လမ်း၊ ရန်ကင်း။
စောင်ရေ - ၃၀၀။

mgyoe.com

F I A (LKNT 3)




mgyoe.com

နေမင်းသည် အနောက်မျက်နှာတွင် ထွက်ကောင်းထွက်ရာ၏။ မြင်းမိုရ်တောင်သည်လည်း
ညွတ်ကောင်းညွတ်ရာ၏။ ငရဲမီးသည် အေးမြကောင်း အေးမြရာ၏။
ကြာသည် တောင်ထိပ်တွင် ပေါက်ကောင်း ပေါက်ရာ၏။
သူတော်ကောင်းတို့၏ စကားသည် တစ်ရံတစ်ဆစ်မျှ မဖောက်ပြန်တတ်ချေ။




mgyoe.com


mgyoe.com

လောကတွင် သစ်ပင်ရိပ်သည် ချမ်းသာစွ၊ ထို့ထက် မိဘဆွေမျိုးတို့အရိပ်သည် ချမ်းသာစွ၊ ထို့ထက် ဆရာသမားတို့ အရိပ်သည် ချမ်းသာစွ၊ ထို့ထက် မင်း၏ အရိပ်သည် ချမ်းသာစွ၊ ထို့ထက် မြတ်စွာဘုရား၏ (တရားတည်းဟူသော) အရိပ်သည် အမျိုးမျိုးသောနည်းဖြင့် ချမ်းသာစွ။

mgyoe.com



ပျားပိတုန်းတို့သည် ပန်းကို တောင့်တကြ၏။ သူတော်ကောင်းတို့သည်
ဂုဏ်ကျေးဇူးကို တောင့်တကြ၏။ ယင်တို့သည် အပုပ်ကို တောင့်တကြ၏။
သူယုတ်မာတို့သည် အပြစ်ကို တောင့်တကြ၏။

mgyoe.com



အမိယုတ်သူသည် နှုတ်ကြမ်း၏။ အဖယုတ်သူသည် လက်ကြမ်း၏။
အမိအဖ နှစ်ပါးစုံ ယုတ်သူသည် နှုတ်ရောလက်ပါ ကြမ်း၏။

mgyoe.com

mgyoe.com




အမိမြတ်သူသည် နှုတ်သိမ်မွေ့၏။

အဖမြတ်သူသည် လက်သိမ်မွေ့၏။


အမိအဖနှစ်ပါးစုံ မြတ်သူသည် နှုတ်ရောလက်ပါ သိမ်မွေ့၏။

mgyoe.com




စစ်မြေပြင်တွင် ရဲရင့်သူကို အလိုရှိကြ၏။ လျှို့ဝှက်ဆွေးနွေးရာတွင်
နှုတ်လုံသူကို အလိုရှိကြ၏။ အစားကောင်းစားရာတွင် ချစ်သောသူကို အလိုရှိကြ၏။
ခက်ခဲသောအနက်ကို ကြံဆရာတွင် ပညာရှိကို အလိုရှိကြ၏။

mgyoe.com



ခွေးတစ်ကောင်သည် အခြားခွေးတစ်ကောင်ကို မြင်ပြီး ညှဉ်းဆဲရန် သွားဖြဲပြတတ်၏။
လူမိုက်သည် အခြားလူမိုက်တစ်ဦးကို မြင်ပြီး စိတ်ထွက်လျက် ညှဉ်းဆဲရန် အလိုရှိတတ်၏။

mgyoe.com



mgyoe.com

အမှုကိစ္စတို့ကို မိမိလည်း အဆောတလျင် မပြုနှင့်၊ သူတစ်ပါးကိုလည်း မပြုစေနှင့်၊
ဆောလျင်စွာပြုမိသော အမှုအတွက် ဆင်ခြင်တုံတရားနည်းသူသည်
နောင်တစ်ဖန် ပူပန်ရတတ်၏။

mgyoe.com